# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်၊ ၁၈ / ၂၀၁၅
## ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
## ( ၂၀၁၅ ခုနှစ်၊ ဩဂုတ် လ ၂၁ ရက် )

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဦးစီးအရာရှိ(ဥပဒေ) | ၁၈ နေရာ | ပါရဂူဘွဲ့ (ဥပဒေ)/မဟာဥပဒေဘွဲ့ |
| ( ခ ) | ဦးစီးအရာရှိ(အင်္ဂလိပ်စာ) | ၃ နေရာ | ပါရဂူဘွဲ့(အင်္ဂလိပ်စာ)/မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) |
| ( ဂ ) | ဦးစီးအရာရှိ(ကွန်ပျူတာ) | ၅ နေရာ | မဟာဥပဒေဘွဲ့ရရှိပြီး(ကွန်ပျူတာသိပ္ပံဘွဲ့/ကွန်ပျူတာနည်းပညာဘွဲ့) တစ်ခုခုရရှိသူ |

၂။ လျှောက်ထားသူသည် -

( က ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၁၈ - ၉ -၂၀၁၅ ရက်နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက်မကျော်လွန်သူဖြစ်ရမည်၊

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ရုံးအမှတ်(၁၇)၊နေပြည်တော်( သို့မဟုတ် )သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၈ - ၉ -၂၀၁၅ရက်နေ့အရောက်လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀ိ/-ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

၅။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ၅၀၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၃ - ၃ - ၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၂၁ /ရွေးချယ်ရေး(အမိက)၂၀၁၄ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၂/သို့

၆။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊မိမိစာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၈ - ၉ -၂၀၁၅ရက်နေ့ အရောက်ပေးပို့ရမည်။

၇။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်**ကျင်းပမည်။၂ - ၁ -၂၀၁၆ ရက် (စနေနေ့)တွင် မြန်မာစာနှင့်အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၃ - ၁ - ၂၀၁၆ရက်( တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်းဖြေဆိုရမည်။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃၁ - ၁၂ -၂၀၁၅ ရက်နေ့မှစ၍ နေပြည်တော်နှင့်သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင်ထုတ်ပေးမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်း အမှတ်၊ ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန် အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။